သင့်လျော်သည့်ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ အခြေခံအဆောက်အဦများနှင့် ကောင်းမွန်သည့် အုပ်ချုပ်လုပ်ကိုင်မှုစနစ်များ မရှိသည့်အပြင် အဂတိလိုက်စားမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ခဲ့မှုကြောင့် ထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအပေါ် အနှုတ်လက္ခဏာဆောင်သည့် အကျိုးသက်ရောက်မှုများ ရှိခဲ့သည်။

သို့သော်လည်း ကံကောင်းထောက်မစွာ သစ်တောသယံဇာတများ ပြန်လည်ထူထောင်ရေးနှင့် အခြေအနေ တိုးတက်ကောင်းမွန်လာရေးအတွက် အလှူရှင်များ အရေအတွက်နှင့် ထည့်ဝင်သည့် ရန်ပုံငွေများ တိုးတက်လာသည်ကို တွေ့ရှိရသည်။

သစ်တောဦးစီးဌာန၏ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအဖွဲ့နှင့် အမျိုးသားအဆင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအဖွဲ့တို့မှ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံရုံး၏ Pyo Pin Programme, RECOFTC နှင့် FAO၏ Forest and Farm Facility (FFF) တို့က နည်းပညာနှင့် ရန်ပုံငွေများ ပံ့ပိုးပေးလျက်ရှိသည်။

## (ခ) လုပ်ငန်းကဏ္ဍအတွင်း မှ သက်ရောက်မှုများ

ပြည်သူလူထုအတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ၏ အကျိုးကျေးဇူးများအပေါ် သိရှိနားလည်မှုနှင့် စိတ်ဝင်စားမှုအားနည်းခြင်း၊ အချို့သော ဌာနဆိုင်ရာ ဝန်ထမ်းများသည် လုပ်ငန်းဆောင်ရွက်ရန် ဗဟုသုတပြည့်စုံမှုမရှိခြင်း၊ ဒေသခံပြည်သူများက သစ်တောမြေနှင့် သစ်တောထွက်ပစ္စည်းများ အသုံးပြုပိုင်ခွင့်နှင့် ပတ်သက်၍ သစ်တောဦးစီးဌာနအပေါ် ယုံကြည်မှုအားနည်းခြင်း၊ မြေယာလုပ်ပိုင်ခွင့် မသေချာခြင်းနှင့် ဥပဒေ အကောင်အထည်ဖော်မှု အားနည်းခြင်း၊ အခွင့်ထူးခံ လူတန်းစားများ လက်အတွင်းသို့ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း

နယ်မြေများရောက်ရှိသွားခြင်း၊ အစိုးရဝန်ထမ်းများတွင် ဗျူရိုကရေစီ စိတ်ဓာတ်ရှိနေခြင်း၊ အစိုးရဌာနများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု အားနည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ရန် သစ်တောအသုံးပြုသူအဖွဲ့များအား လုံလောက်သည့် ရန်ပုံငွေထောက်ပံ့ပေးနိုင်မှု မရှိခြင်းတို့ကြောင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည်။

## ၄။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ မဟာဗျူဟာမြောက်စီမံချက်ပေါ်ပေါက်လာပုံ

၂၀၁၅ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့သည့် (၆) ကြိမ်မြောက် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့၏ အစည်းအဝေးတွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းကို အကျိုးရှိထိရောက်စွာဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် "ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ မဟာဗျူဟာ" ရေးဆွဲ ပြဋ္ဌာန်းရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။ အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များသည် Ecosystem Conservation and Community Development Initiative (ECCDI) ရုံးတွင် ပထမအကြိမ်အစည်းအဝေးကို ကျင်းပခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ ECCDI, RECOFTC, Pyoe Pin Program တို့၏ မေတ္တာရပ်ခံချက်အရ Pyoe Pin Program၏ အကြံပေးပုဂ္ဂိုလ်ဖြစ်သူ Mr. Oliver Springate–Baginski လည်းတက်ရောက်ခဲ့ပြီး မဟာဗျူဟာမြောက်စီမံချက်တွင် ထည့်သွင်းရေးဆွဲမည့် အခန်းခေါင်းစဉ်များ မူကြမ်းကို ပြုစုနိုင်ခဲ့ပါသည်။ ၂၀၁၆ခုနှစ် ဇန်နဝါရီလတွင် အဆိုပါ မူကြမ်းကို ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ သစ်တောဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် (မူဝါဒနှင့်စီမံကိန်း) ဦးဆောင်သော ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအဖွဲ့၏ အဖွဲ့ဝင်များအား ချပြဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ အကြံပေးပုဂ္ဂိုလ်ထံသို့ မဟာဗျူဟာတွင် ထည့်သွင်းရေးဆွဲလိုသည့် မဟာဗျူဟာလုပ်ငန်းစဉ် (Strategic Theme)များကို သစ်တောဦးစီးဌာနက အကြံပြုပေးပို့ခဲ့ပါသည်။ ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် အကြံပေးပုဂ္ဂိုလ်က "ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ မဟာဗျူဟာမြောက်စီမံချက် – ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့မှ သုံးသပ်စဉ်းစားရန် အကြံပြုချက်များ (၂၀၁၆ခုနှစ်

ဇူလိုင်လ) ( Community Forestry: A Strategic Plan – Options and suggestions for the CFNWG, July 2016)" အမည်ဖြင့် မူကြမ်းပြုစု၍ ပေးပို့လာခဲ့ပါသည်။

အဆိုပါမူကြမ်းကို ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့သည့် (၉)ကြိမ်မြောက် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ CFNWG အစည်းအဝေးတွင် ရှင်းလင်းတင်ပြခြင်းနှင့် ပြန်လည်သုံးသပ်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ အစည်းအဝေးဆုံးဖြတ်ချက်အရ မူကြမ်းကို အပြီးသတ်ပြန်လည် သုံးသပ်ရန်အတွက် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာကျော်တင့်၊ ဒေါက်တာမောင်မောင်သန်း၊ ဦးဆလိုင်းကျုံးလျှန်ထောင်း၊ ဦးခင်မောင်လတ်၊ ဦးထွန်းပေါ်ဦး၊ ဦးဝင်းမြင့်၊ ဦးကြင်ဝင်းနှင့် ဦးအောင်သန့်ဇင်တို့ ပါဝင်သည့် ပြန်လည်သုံးသပ်ရေးအဖွဲ့ကို ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်။ ပြန်လည်သုံးသပ်ရေးအဖွဲ့က "ဒေသခံပြည်သူအစု အဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ မဟာဗျူဟာမြောက် စီမံချက် ၂၀၁၇-၂၀၂၀" ကိုပြုစုတင်ပြနိုင်ခဲ့ပါသည်။ အဆိုပါအဖွဲ့မှ တင်ပြလာခဲ့သော အပြီးသတ် မဟာဗျူဟာမြောက်စီမံချက်ကို (၁၀) ကြိမ်မြောက်၊ (၁၁)ကြိမ်မြောက်နှင့်(၁၂) ကြိမ်မြောက် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ အစည်းအဝေးများတွင် အဓိကထား ဆွေးနွေးခဲ့ကြပါသည်။

## ၅။ ရည်မှန်းချက်ပန်းတိုင်၊ ရည်ရွယ်ချက်နှင့် အခြေခံမူများ

### (က) ရည်မှန်းချက်ပန်းတိုင်

ဒေသခံပြည်သူအစုအဖွဲ့များအား သစ်တောသယံဇာတ စီမံခန့်ခွဲပိုင်ခွင့် တိုးမြှင့်အပ်နှင်းရန်၊ လူမှုရေးအရ တရားမျှတမှု ပိုမိုအားကောင်းလာစေရန်၊ ဆင်းရဲနွမ်းပါးမှု လျှော့နည်း ကျဆင်းစေရန်နှင့် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန် စသည်တို့အတွက် အထောက်အကူပြုနိုင်သည့် အုပ်ချုပ်လုပ်ကိုင်မှု မဟာဗျူဟာ တစ်ရပ်အနေဖြင့် အသုံးပြုနိုင်ရန်။

### (ခ) ရည်ရွယ်ချက်

နိုင်ငံတစ်ဝန်းရှိ ဆင်းရဲနွမ်းပါးသော ဒေသခံပြည်သူအစုအဖွဲ့တို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် သဘာဝပတ်ဝန်းကျင် တည်ငြိမ်မျှတလာစေရေးတို့အတွက် အောင်မြင်ဖြစ်ထွန်းသည့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ရာတွင် လည်းကောင်း၊ စီးပွားရေးအရ အကျိုးအမြတ်ရရှိသော ဒေသခံပြည်သူ

အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း အခြေပြု စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း ကူညီပံ့ပိုးနိုင်ရန်။

**(ဂ) အခြေခံမူများ**

(၁) ကျေးရွာပတ်ဝန်းကျင်ရှိ သစ်တောများစီမံခန့်ခွဲပိုင်ခွင့်ကို ဒေသခံပြည်သူများသို့ အပ်နှင်းရေးအတွက် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ ဆောင်ရွက်ရာ၌ အကျိုးဆက်စပ် သက်ဆိုင်သူများအားလုံး ပူးပေါင်းပါဝင်စေရန်၊

(၂) ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝကို အလေးထားမြှင့်တင်ရန်၊

(၃) နိုင်ငံအဆင့်နှင့်ဒေသအဆင့်တို့၌ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ နိုင်ငံအဆင့်နှင့်ဒေသအဆင့် မူဝါဒများချမှတ်ခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်များတွင် ဒေသခံပြည်သူတို့က အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လာစေရန်၊

(၄) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်ကို အကျိုးဆက်စပ်ပတ်သက်သူများပူးပေါင်း၍ တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရန်၊

(၅) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုရန်၊

(၆) ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများတွင် လူမှုအဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်လာနိုင်စေရန်၊

(၇) အမျိုးသားရင်ကြားစေ့ရေး ကြိုးပမ်းမှုလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီထွန်းကားရေး လုပ်ငန်းစဉ်တို့တွင် အထောက်အကူပြုနိုင်ရန်။

## ၆။ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် ခြိမ်းခြောက်မှုများကို ဆန်းစစ်ခြင်း

**(က) အားသာချက်များ**

(၁) မူဝါဒနှင့် ဥပဒေပိုင်းဆိုင်ရာ ပံ့ပိုးမှုအားကောင်းခြင်း၊

(၂) တိကျစွာ ပြဋ္ဌာန်းသတ်မှတ်ထားသော ရည်မှန်းချက်ပန်းတိုင်၊ ရည်ရွယ်ချက်နှင့် မဟာဗျူဟာများရှိခြင်း၊

(၃) သစ်တောဦးစီးဌာန၏ ပီပြင်သည့်ဦးဆောင်မှုနှင့် ခိုင်မာသော ကတိကဝတ်များရှိခြင်း၊

(၄) ရှင်းလင်းတိကျသည့်လုပ်ငန်းလျာထားချက်ရှိပြီး အဆိုပါလျာထားချက်ကို ဖြည့်ဆည်းနိုင်ရန် အပြည်ပြည်ဆိုင်ရာ သစ်တောကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်မှုများနှင့်အညီ ပြင်ဆင်ပြဋ္ဌာန်းထားသည့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်ရှိခြင်း၊

(၅) ပြည်သူများအတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း တည်ထောင်ခြင်းနှင့် ရရှိနိုင်သည့်အကျိုးကျေးဇူးများကို သိရှိနားလည်သဘောပေါက်မှု တိုးမြင့်လာခြင်း၊

(၆) ဒေသခံပြည်သူလူထုအခြေပြု သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိခြင်း၊

(၇) ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း တည်ထောင်ခြင်းနှင့် လုပ်ငန်းများ၏တိုးတက်အောင်မြင်မှုများအပေါ် စောင့်ကြည့်စစ်ဆေးခြင်းနှင့် ဆန်းစစ်ခြင်း စသည့်လုပ်ငန်းများကို ပံ့ပိုးကူညီပေးမည့် အမျိုးသားအဆင့်ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအဖွဲ့ရှိခြင်း၊

(၈) ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်အဆင့် အသီးသီးတွင် ဒေသခံပြည်သူအစု အဖွဲ့ပိုင်သစ်တောလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက် လျက်ရှိခြင်း၊

(၉) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ပေးသည့် သင်တန်းကျောင်းများနှင့် လုပ်ငန်းခွင်အရောက်သင်တန်း ပို့ချမှုအစီအစဉ်များရှိခြင်း။

**(ခ) အားနည်းချက်များ**

(၁) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ လုပ်ငန်းစဉ်၊ စည်းမျဉ်း စည်းကမ်းများနှင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများအပေါ် သိမြင်နားလည်မှု အားနည်းနေဆဲဖြစ်ခြင်း၊

(၂) သစ်တောဦးစီးဌာန အပါအဝင် အစိုးရဌာနများအပေါ်တွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ အကျိုးခံစားခွင့်များနှင့် ပတ်သက်၍ ဒေသခံ ပြည်သူများ၏ယုံကြည်မှုအားနည်းခြင်း၊

(၃) သစ်တောနယ်မြေပြင်ပတွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဆောင်ရွက်ခွင့်ရရှိရေး လုပ်ငန်းစဉ်များ ခက်ခဲကြန့်ကြာခြင်း၊

(၄) မြေယာလုပ်ပိုင်ခွင့်သေချာမှုမရှိခြင်းနှင့် ဥပဒေနှင့်အညီ အကောင်အထည်ဖော်မှု အားနည်းခြင်းတို့ကြောင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်

သစ်တောလုပ်ငန်း ဆောင်ရွက်ထားသည့် ဧရိယာများ အခွင့်အရေး သမားတို့၏ လက်တွင်းသို့ ရောက်ရှိခြင်းနှင့် ပဋိပက္ခများ ရှိခြင်း၊

(၅) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းတည်ထောင်ခြင်း လုပ်ငန်း အတွက် ရန်ပုံငွေခွဲဝေချထားမှု နည်းပါးခြင်းနှင့် နည်းပညာပံ့ပိုးမှု အားနည်းခြင်း၊

(၆) ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းထွက်ကုန်များကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် လက်တွေ့ အသုံးချ သုတေသနလုပ်ငန်းများ မရှိခြင်း၊

(၇) တိုင်းရင်းသားများ နေထိုင်သည့်ဒေသများတွင် ဘာသာစကား အခက် အခဲ ရှိခြင်း၊

(၈) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ကြီးကြပ်စစ်ဆေးမှုနှင့် အကဲဖြတ်ဆန်းစစ်မှုလုပ်ငန်းများ အားနည်းခြင်း၊

(၉) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းများအောင်မြင်ရန် သစ်တောဦးစီးဌာန ဝန်ထမ်းများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှု အခန်းကဏ္ဍ တိုးမြှင့်ပေးရန် လိုအပ်ခြင်း၊

**(ဂ) အခွင့်အလမ်းများ**

(၁) ပြည်သူလူထု ရွေးကောက်တင်မြှောက်သော ဒီမိုကရေစီအစိုးရတစ်ရပ် ပေါ်ပေါက်လာခြင်းနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက် လျှက်ရှိခြင်း၊

(၂) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများနှင့် အဆိုပါလုပ်ငန်း များမှ ထွက်ကုန်များကို စီးပွားဖြစ် ထုတ်လုပ်ရောင်းချနိုင်ရန် နိုင်ငံ တကာမှ ငွေကြေးထောက်ပံ့သည့် အခွင့်အလမ်းများ တိုးမြင့်လာခြင်း၊

(၃) အမျိုးသားမြေအသုံးချမှုမူဝါဒတွင် ဒေသခံပြည်သူများ၏ ဓလေ့ ထုံးတမ်းအရ စီမံခန့်ခွဲလျက်ရှိသည့် မြေဧရိယာများနှင့် စပ်လျဉ်း၍ အသိအမှတ်ပြုထားသဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော လုပ် ငန်းတည်ထောင်မှုအတွက် အခွင့်အလမ်းများ ကောင်းမွန်လာနိုင်ခြင်း၊

(၄) အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးကို ဖော်ဆောင်ပေးမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေခြင်းကြောင့် တိုင်းရင်း သားလူမျိုးစု ဒေသများတွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အခြေအနေကောင်းမွန်လာခြင်း။

**(ဃ) ခြိမ်းခြောက်မှုများ**

(က) ခေတ်သစ်နိုင်ငံရေးကာလတွင် ကြိုတင်ခန့်မှန်းရန်ခက်ခဲသည့် နိုင်ငံတကာဝင်ရောက်စွက်ဖက်မှုများရှိလာနိုင်သောကြောင့် အရှိန်ရရှိနေပြီဖြစ်သော ဒေသခံပြည်သူအစုအဖွဲ့ပိုင် လုပ်ငန်းများအပေါ်တွင် အကျိုးသက်ရောက်မှု များရှိနိုင်ခြင်း၊

(ခ) နိုင်ငံအဆင့်တွင် ပိုမိုအရေးကြီးသည့် ကိစ္စရပ်များ ဆောင်ရွက်လာရခြင်းကြောင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အားစိုက်ဆောင်ရွက်မှု လျော့နည်းလာနိုင်ခြင်း၊

(ဂ) နိုင်ငံအဆင့်တွင် သစ်တောမူဝါဒနှင့် သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုစနစ်များ အပြောင်းအလဲဖြစ် ပေါ်နိုင်ခြင်း။

**၇။ မဟာဗျူဟာမြောက်လုပ်ငန်းစဉ်များ၊ ပန်းတိုင်များ၊ ရည်ရွယ်ချက်များနှင့် ဆောင်ရွက်မည့် အစီအစဉ်**

**(က) မဟာဗျူဟာလုပ်ငန်းစဉ် (၁)**

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအပေါ်တွင် စိတ်ဝင်စားမှုနှင့် သိရှိနားလည်မှု တိုးပွားလာစေရန် ဆောင်ရွက်ခြင်း။

**ပန်းတိုင်**

အများပြည်သူတို့အတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများကို စိတ်ဝင်စားနားလည်မှုကျယ်ပြန့်ခိုင်မာလာစေရန်။

**ရည်ရွယ်ချက်**

အကျိုးဆက်စပ်သက်ဆိုင်သူများအားလုံးနှင့် ဆုံးဖြတ်ချက်ချမှတ်သူများအတွင်း ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းကို စိတ်ဝင်စားမှု၊ နားလည် သဘောပေါက်မှုနှင့် စွမ်းဆောင်ရည်များ မြှင့်တင်ပေးခြင်းဖြင့် ၎င်းတို့၏ပူးပေါင်းပါဝင်မှုတိုးတက်လာစေရန်။

**ဆောင်ရွက်မည့်အစီအစဉ်များ**

(၁) အဖွဲ့အစည်းအမျိုးမျိုးအတွင်း ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ သိနားလည်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ အများပြည်သူတို့အတွက် ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အရေးပါသည့် အဖွဲ့

အစည်းများအတွက် ပုံနှိပ်စာအုပ်များ ထုတ်ဝေပေးခြင်းနှင့် လေ့လာရေးခရီးစဉ်များ စီစဉ်ပေးခြင်း၊ နိုင်ငံရေးအရ အရေးပါသူများအား တိုက်ရိုက် တွေ့ဆုံရှင်းလင်းတင်ပြခြင်းနှင့် အစိုးရဝန်ထမ်းများနှင့် သစ်တောအသုံးပြုသူ အဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားပေးခြင်း၊

(၂) ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ရရှိနိုင်သည့် အကျိုးကျေးဇူးများနှင့် အခွင့်အရေးများကို သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ အခြားအစိုးရဌာန ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် အကျိုးဆက်စပ်ပတ်သက်သူများက ရှင်းရှင်းလင်းလင်း သိရှိ နားလည်လာစေရန် ဆောင်ရွက်ခြင်း၊

(၃) လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်လာစေရန် အစိုးရဌာန ဝန်ထမ်းများနှင့် ဒေသခံပြည်သူ အစုအဖွဲ့ဝင်များအား လိုအပ်သလို သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း၊

(၄) သတင်းဆောင်းပါးများ၊ ရေဒီယိုနှင့် ရုပ်သံအစီအစဉ်များ စသည့် သတင်းမီဒီယာများဖြင့် အသိပညာ တိုးမြင့်လာစေရန် ဆောင်ရွက်ခြင်း။

## (ခ) မဟာဗျူဟာလုပ်ငန်းစဉ် (၂)

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ခြင်း။

### ပန်းတိုင်

နိုင်ငံအဆင့်လျာထားချက်ကိုပြည့်မီစေရန် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ ကို အရှိန်အဟုန်မြင့်တင်ဆောင်ရွက်ရန်။

### ရည်ရွယ်ချက်

ဤမဟာဗျူဟာမြောက် စီမံချက်ကာလ (၃)နှစ်အတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော ၂၉၅,၀၀၀ဧက (၁၁၉,၄၃၃ ဟက်တာ) တည်ထောင်သွားရန်။

### ဆောင်ရွက်မည့် အစီအစဉ်

(က) ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ရန် သင့်လျော်သည့် ဧရိယာများ ဖော်ထုတ်နိုင်ရန်နှင့် လုပ်ငန်းစီမံချက်ရေးဆွဲနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အကျိုးဆက်စပ်သက်ဆိုင်သူများ၊ ဒေသခံပြည်သူများနှင့် ဆွေးနွေးညှိနှိုင်းခြင်း၊

(ခ) ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ရန်နှင့် ပံ့ပိုးမှုများ ရရှိရေးအတွက် မိတ်ဘက်အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှု အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များကို စည်းရုံးလှုံ့ဆော်ခြင်း၊

(ဂ) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်များ ကို သစ်တောအသုံးပြုသူအဖွဲ့များက ပူးပေါင်းပါဝင်သည့်နည်းလမ်းဖြင့် ရေးဆွဲ နိုင်ရန်အတွက် စနစ်တကျပံ့ပိုးပေးခြင်းနှင့် ကူညီ ဆောင်ရွက်ခြင်း၊

(ဃ) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဆောင်ရွက်ခွင့်လက်မှတ် ပေးအပ် ခြင်း လုပ်ငန်းစဉ်ကို လျင်မြန်အောင် ဆောင်ရွက်ပေးခြင်းနှင့် စောင့်ကြည့် စစ်ဆေးခြင်းလုပ်ငန်းကို ပုံမှန်ဆောင်ရွက်ခြင်း၊

(င) ဒေသခံပြည်သူအစု အဖွဲ့ပိုင်သစ်တောလုပ်ငန်းကို သစ်တောဦးစီးဌာန၏ အဓိကသစ်တောလုပ်ငန်းများကဲ့သို့ အောင်မြင်စေရေးအတွက် အလေးထား ဆောင်ရွက်နိုင်ရန် စီစဉ်ခြင်း၊

(စ) ဒေသခံပြည်သူများက အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ တည်ထောင်လာ ကြစေရေးအတွက် စည်းရုံး ပညာပေးခြင်းများပြုလုပ်ခြင်း၊

(ဆ) ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း အခြေခံသည့် အသေးစား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန်ဆောင်ရွက်ပေးခြင်း၊

(ဇ) လက်ရှိဒေသခံပြည်သူများက ထိန်းသိမ်းထားသော သစ်တောများနှင့် ဒေသခံ လူမျိုးစုများက ထိန်းသိမ်းကာကွယ်ထားသော သစ်တော ဧရိယာများအား အသိအမှတ်ပြုခြင်းနှင့် (ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဆောင် ရွက်ခွင့်လက်မှတ်) အတည်ပြုချက်ပေးခြင်း၊

(ဈ) ပေးအပ်ပြီးသော ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဆောင်ရွက် ခွင့်လက်မှတ်များ၏ အရေအတွက်နှင့် သစ်တောဧရိယာပမာဏ၊ လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေ၊ လုပ်ငန်းအောင်မြင်မှုကို ထိခိုက်စေသည့် နှောင့် နှေးကြန့်ကြာမှုများနှင့် အခြားအခက်အခဲများကို စောင့်ကြည့်စစ်ဆေးခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် သွက်လက်လျင်မြန်စွာ ဖြေရှင်းပေးခြင်း၊

## (ဂ) မဟာဗျူဟာလုပ်ငန်းစဉ် (၃)

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများမှ ထွက်ကုန်များကို အခြေခံသည့် အသေးစားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်ဆောင်ရွက်ခြင်း။

### ပန်းတိုင်

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းကိုအခြေခံသော စီးပွားရေးလုပ်ငန်းများ ရှင်သန် ဖွံ့ဖြိုးလာစေပြီးလျှင် ပြည်သူလူထုအတွင်း အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေများတိုးတက်လာစေရန်။

### ရည်ရွယ်ချက်

ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းမှ ထွက်ကုန်များကို အခြေခံသည့် အသေးစားစီးပွားရေးလုပ်ငန်း အရေအတွက် (၅၀) တည်ထောင်ရန်။

### ဆောင်ရွက်မည့်အစီအစဉ်

(၁) သစ်တောထွက်ပစ္စည်းများ ( ဥပမာ သစ်၊ ကြိမ်၊ ဝါး၊ စိုက်ပျိုးသီးနှံ) ကို တန်ဖိုးမြှင့်ပစ္စည်း ထုတ်လုပ်သည့် အသေးစီးပွားရေးလုပ်ငန်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ စသည်တို့နှင့် စပ်လျဉ်းသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း အခြေခံ စမ်းသပ်စီးပွားရေး လုပ်ငန်းများဆောင်ရွက်ရာတွင် တတ်နိုင်သမျှ ပံ့ပိုးကူညီပေးခြင်း၊

(၂) သစ်တောအသုံးပြုသူအဖွဲ့များနှင့် ယင်းတို့၏ မိတ်ဘက်စီးပွားရေး လုပ်ငန်းများကို တတ်နိုင်သမျှ ပံ့ပိုးကူညီပေးခြင်း၊ (ဥပမာ သင်တန်းများ ဖွင့်လှစ်ခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း၊ ဥပဒေရေးရာနှင့် စီးပွားရေးရာတွင် ကူညီပေးခြင်း၊ ဈေးကွက်ဆန်းစစ်ခြင်းနှင့် ရောင်းကုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီခြင်း)၊

(၃) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအခြေခံ စီးပွားရေးလုပ်ငန်းများ အကြား ကွန်ယက်များဖွဲ့စည်းပေးခြင်း။

## (ဃ) မဟာဗျူဟာလုပ်ငန်းစဉ် (၄)

အမျိုးသားအဆင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအဖွဲ့နှင့် သစ်တော ဦးစီးဌာန၏ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း အဖွဲ့များ ခိုင်မာ အားကောင်းလာစေရန်ဆောင်ရွက်ခြင်း။

**ပန်းတိုင်**

အမျိုးသားအဆင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအဖွဲ့နှင့် သစ်တောဦးစီးဌာန၏ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအဖွဲ့များကို တိုးချဲ့ဖွဲ့စည်းရန်နှင့် ခိုင်မာအားကောင်းလာစေရန်။

**ရည်ရွယ်ချက်**

အမျိုးသားအဆင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအဖွဲ့နှင့် သစ်တောဦးစီးဌာန၏ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအဖွဲ့များသည် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းစဉ်အဆင့်ဆင့်ကို ချောမွေ့မြန်ဆန်စွာ အကောင်အထည် ဖော်ဆောင်ရွက်ပေးနိုင်ပြီးလျှင် တွေ့ကြုံရသည့် အခက်အခဲများကိုလည်း ကူညီဖြေရှင်းပေးနိုင်သည့် ယုံကြည်အားကိုးရသော အဖွဲ့အစည်းများဖြစ်လာစေရန်။

**ဆောင်ရွက်မည့်အစီအစဉ်များ**

(၁) ရည်မှန်းချက်ပန်းတိုင်များကိုရောက်ရှိစေမည့် လုပ်ငန်းစီမံကိန်း ရေးဆွဲခြင်း၊ ချမှတ်ထားသည့် မဟာဗျူဟာများနှင့်အညီ ဆောင်ရွက်ရမည့် လုပ်ငန်းများ ဖော်ထုတ်ခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ရန် လိုအပ်သည့် အရင်းအမြစ်များ စီစဉ်ပေးခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးခြင်း၊

(၂) ဒေသခံပြည်သူ အစုအဖွဲပိုင်သစ်တော တည်ထောင်ခြင်းနှင့် သက်ဆိုင်သည့် သတင်းအချက်အလက် စီမံခန့်ခွဲသည့်စနစ်တည်ထောင်ခြင်း၊

(၃) သတင်းအချက်အလက်များကို စုစည်းခြင်း၊ တိုးတက်ဖြစ်ပေါ်မှုများနှင့်အညီ စဉ်ဆက်မပြတ် ညှိနှိုင်းပြင်ဆင်ခြင်းနှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများအကြားတွင် လည်းကောင်း ပြင်ပ အဖွဲ့အစည်းများသို့ လည်းကောင်း ဖြန့်ဝေပေးခြင်း၊

(၄) အမျိုးသားအဆင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအဖွဲ့၏ လက်အောက်တွင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊

(၅) တိုင်းဒေသကြီး/ ပြည်နယ်နှင့် ခရိုင်အဆင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း စီမံချက်များ ရေးဆွဲခြင်းနှင့် လိုအပ်သည့် အရင်းအမြစ်များ ပံ့ပိုးပေးခြင်း၊

(၆) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေတစ်ရပ် တည်ထောင်ခြင်း၊

**(င) မဟာဗျူဟာလုပ်ငန်းစဉ် (၅)**

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ပြုသည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း။

**ပန်းတိုင်**

စဉ်ဆက်မပြတ်ဆောင်ရွက်နေသည့် သုတေသနလုပ်ငန်းများမှ ထွက်ပေါ်လာသည့် ရလဒ်များ ကိုအခြေခံ၍ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်တည်ငြိမ်မှု ကို အထောက်အကူပြုသည့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ တည်ထောင်ရန်။

**ရည်ရွယ်ချက်**

အောင်မြင်၍အကျိုးရှိသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ တည်ထောင်ရန်နှင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်စေမည့် လုပ်ငန်းများ ချဲ့ထွင်ဆောင် ရွက်နိုင်ရန်။

**ဆောင်ရွက်မည့်အစီအစဉ်**

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းသည် အချိန်ယူ၍ ဆောင်ရွက်ရသော လူမှုရေးနှင့် ပတ်ဝန်းကျင်ဂေဟစနစ်နှင့် သက်ဆိုင်သည့် လုပ်ငန်းစဉ်များ ပါဝင်သည့် လုပ်ငန်းတစ်ခုဖြစ်၍ ခေါင်းဆောင်မှုအပိုင်းနှင့် ငွေကြေးထောက်ပံ့မှုများ ပံ့ပိုးပေးရာ တွင် လုပ်ငန်းသဘောသဘာဝအား နားလည်ထားရန် လိုအပ်ပါသည်။

(၁) ဦးစားပေးဆောင်ရွက်မည့် သုတေသနလုပ်ငန်း များရွေးချယ် သတ်မှတ်ခြင်း၊ တာဝန်ပေးခြင်းနှင့် လိုအပ်သည့် အကူအညီများပေးခြင်း၊

(၂) သစ်တောအသုံးပြုသူများအဖွဲ့များနှင့် ပူးပေါင်း၍ နှစ်စဉ်လုပ်ငန်းစီမံချက်နှင့် အညီ လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အရေး ပါသော ရလဒ်များအား အများပြည်သူသို့ ထုတ်ပြန်ပေးခြင်း၊

(၃) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ မူဝါဒနှင့် သက်ဆိုင်သည့် သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုးပေးခြင်းနှင့် ရလဒ်များအား မူဝါဒပြင်ဆင်ရေးဆွဲရာတွင် အသုံးပြုခြင်း။

**(စ) မဟာဗျူဟာလုပ်ငန်းစဉ် (၆)**

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် မူဝါဒနှင့် ပတ်ဝန်းကျင်အခြေအနေကောင်းများ ဖန်တီးပေးခြင်း။

**ပန်းတိုင်**

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် မူဝါဒနှင့် ပတ်ဝန်းကျင်အခြေအနေကောင်းများ စဉ်ဆက်မပြတ် ဖန်တီးပေးရန်။

**ရည်ရွယ်ချက်**

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများ၊ မူဝါဒများနှင့်အညီ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် မူဝါဒနှင့် ပတ်ဝန်းကျင်အခြေအနေကောင်းများ ဖန်တီးပေးရန်။

**ဆောင်ရွက်မည့် အစီအစဉ်များ**

(၁) ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ မူဝါဒကို စဉ်ဆက်မပြတ် ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ခြင်း၊

(၂) ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းနှင့် သက်ဆိုင်သည့် တည်ဆဲဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ခြင်းနှင့် လိုအပ်သလို ပြင်ဆင်ခြင်း၊

(၃) အမျိုးသားအဆင့်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများနှင့် မူဝါဒများကို ပြန်လည်သုံးသပ်ခြင်း၊

(၄) အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်းတွင် ဖော်ပြထားသော လျာထားဧရိယာအား ပြန်လည်သုံးသပ်ခြင်း။

## ၈။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ မဟာဗျူဟာမြောက် စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စီမံခန့်ခွဲခြင်း

သစ်တောဦးစီးဌာနသည် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းဆိုင်ရာ မဟာဗျူဟာကို နိုင်ငံအဝန်းရှိ သစ်တောဦးစီးဌာန အဆင့်ဆင့်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် စီမံခန့်ခွဲရန် တာဝန်ရှိသည်။ ယင်းလုပ်ငန်းများကို သစ်တောဦးစီးဌာနကိုယ်စား သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအဖွဲ့က ကြီးကြပ်ကွပ်ကဲသွားပါမည်။

သစ်တောဦးစီးဌာနသည် နှစ်စဉ်လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်နိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ခရိုင်အဆင့် သစ်တောဦးစီးဌာနများတွင် CF Unit အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါသည်။ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းအဖွဲ့များသည် လုပ်ငန်းတိုးတက်မှုများကို သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် အမျိုးသားအဆင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းအဖွဲ့သို့ ပုံမှန် ပြုစုတင်ပြရမည်။

## ၉။ လုပ်ငန်းအထောက်အကူပြု အရင်းအမြစ်များလိုအပ်ချက်

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ မဟာဗျူဟာမြောက်စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လူအင်အား၊ ပစ္စည်းနှင့် ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်များ လိုအပ်မည်ဖြစ်ပါသည်။ သစ်တောဝန်ထမ်းများက ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ဒေသခံပြည်သူများကို ဟောပြော စည်းရုံးခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်သောကြောင့် လုံလောက်သည့် ဝန်ထမ်းအရေအတွက် ခန့်ထားပေးရန်နှင့် ခန့်ထားသည့် ဝန်ထမ်းများက သေခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ အယူအဆနှင့် အကျိုးကျေးဇူးများကို သိရှိနားလည်ပြီး လုပ်ထုံးလုပ်နည်းများ တတ်ကျွမ်းလာစေရန် စွမ်းဆောင်ရည်မြှင့်တင်ပေးသည့် သင်တန်းများ ပို့ချပေးရန် လိုအပ်သည်။

သစ်တောဦးစီးဌာနရုံးများကို ခေတ်မီရုံးသုံးနှင့် လုပ်ငန်းခွင်သုံး စက်ပစ္စည်း ကိရိယာများ အလုံအလောက် ပံ့ပိုးထောက်ပံ့ရန်လည်း လိုအပ်ပါသည်။ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ စတင်တည်ထောင်ရန်နှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန်အတွက် လုံလောက်သော ရန်ပုံငွေရရှိရေးသည် မရှိမဖြစ် လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ ရန်ပုံငွေ စဉ်ဆက်မပြတ် ရရှိထောက်ပံ့နိုင်ရန်အတွက် ဒေသခံ

ပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်ခြင်းနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဖွံ့ဖြိုးရေး ရန်ပုံငွေတစ်ရပ် ထူထောင်ခြင်းတို့ ဆောင်ရွက်ရန်လိုအပ်ပါသည်။ အဆိုပါရန်ပုံငွေအတွက် နိုင်ငံတော်အစိုးရ၏ မတည်ငွေနှင့် နိုင်ငံတကာအလှူရှင်များ၏ ထည့်ဝင်ငွေများ လိုအပ်ပါသည်။

## ၁၀။ စောင့်ကြည့်စစ်ဆေးခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် အစီရင်ခံခြင်း

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ၏တိုးတက်မှု၊ သစ်တောဝန်ထမ်းများနှင့် သစ်တောအသုံးပြုသူအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် စွမ်းဆောင်ရည်တို့ကို စဉ်ဆက်မပြတ်စောင့်ကြည့် စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းတို့သည် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အခြေစိုက် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအဖွဲ့က ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအနက် အဓိကကျသည့် လုပ်ငန်းများတွင် အပါအဝင် ဖြစ်သည်။ ဤသို့ဆောင်ရွက်ရန် လွယ်ကူပြီး ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်နိုင်မည့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ စောင့်ကြည့်စစ်ဆေးခြင်းနှင့် ဆန်းစစ်ခြင်းစနစ်တစ်ခု ရေးဆွဲ ဆောင်ရွက်ရန် လိုအပ်သည်။

ခရိုင်အဆင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း အဖွဲ့များအနေဖြင့် သက်ဆိုင်ရာ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းမှ သစ်တောအသုံးပြုသူအဖွဲ့များနှင့် ပူးပေါင်းလျက် စောင့်ကြည့်စစ်ဆေးခြင်းနှင့် ဆန်းစစ်ခြင်းစနစ်ကိုအသုံးပြု၍ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ၏ တိုးတက်မှုနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေတို့ကို ပုံမှန် မျက်ခြေမပြတ် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းတို့ ဆောင်ရွက်လျက် ရရှိသည့်ရလဒ်များကို အစီရင်ခံစာပြုစု၍ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အခြေစိုက် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအဖွဲ့နှင့် အမျိုးသားအဆင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအဖွဲ့တို့သို့ တင်ပြရန် ဖြစ်သည်။ ညွှန်ကြားရေးမှူးချုပ်ရုံး ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအဖွဲ့သည် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းများ၏ တိုးတက်မှုအခြေအနေနှင့် အစုအဖွဲ့များနှင့် တာဝန်ရှိ သစ်တောဦးစီးဌာန ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှု အနေအထားတို့ကို သုံးသပ်၍ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံတင်ပြရမည်ဖြစ်သည်။

၁၁။ မဟာဗျူဟာလုပ်ငန်းစဉ်များအပေါ် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်

မဟာဗျူဟာ(၁) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအပေါ်တွင် စိတ်ဝင်စားမှုနှင့် သိရှိနားလည်မှု တိုးပွားလာစေရန် ဆောင်ရွက်ခြင်း

| ဆောင်ရွက်မည့် လုပ်ငန်းများ (Activities) | ဦးစားပေး အစီအစဉ် (Priority need) | လက်ရှိ အခြေအနေ (Current situation) | လိုအပ်ချက် Gaps/ issues) | ဆောင်ရွက်နိုင် မည့်အခြေအနေ (Anticipatory Adaptation) | ဆောင်ရွက်ရမည့် အဖွဲ့အစည်း (Responsible organization) | ဆောင်ရွက်ရ မည့် အချိန် (Target Year) |
|---|---|---|---|---|---|---|
| ဟောပြောပွဲများတိုးချဲ့ဆောင်ရွက်ခြင်း | ၂ | ဆောင်ရွက်မှု အားနည်း | ဘာသာစကား၊ ရန်ပုံငွေ၊ လမ်းညွှန်ချက် | ဘာသာပြန် | သစ်တော+တိုင်းရင်းသား ရေးရာဝန်ကြီးဌာန | ၃ နှစ် |
| (Media ,TVchannel,documentary) များအသုံးပြု၍ အသိပညာပေး ခြင်း | ၁ | ဆောင်ရွက်မှုမရှိ | ရန်ပုံငွေ | ရှိ | သစ်တော + ပြန်ကြား ရေး၊ Social media | ။ |
| လက်ကမ်းစာစောင်/စာအုပ်များ ဖြန့်ဝေခြင်း | ၃ | နည်းပါး | ရန်ပုံငွေ | ရှိ | သစ်တော + CSO/NGO | ။ |
| လေ့လာရေးခရီး(ပြည်တွင်း၊ ပြည်ပ) | ၆ | နည်းပါး | ရန်ပုံငွေ | ရှိ | သစ်တော + CSO/NGO | ။ |
| CF ဆိုင်ရာ အခြေခံ(basic concept) ကို CSO များ ကို သင်တန်းပေးရန်လို ( တသမတ်တည်း ဖြစ်စေရန်) | ၄ | မရှိ | သင်ရိုးညွှန်း တမ်း+ ရန်ပုံငွေ | ရှိ | အုပ်ချုပ်ရေး+ သစ်တော | ။ |
| ဆက်စပ်ဌာန၊ အုပ်ချုပ်ရေးအဖွဲ့နှင့် လွှတ်တော်ကိုယ်စား လှယ်များအား အမြင်ဖွင့်ပေးရန် | ၅ | မရှိ | ပူးပေါင်း ဆောင်ရွက်မှု+ မူဝါဒ | ရှိ | သစ်တော | စဉ်ဆက် မပြတ် |

မဟာဗျူဟာ(၂) CF လုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ခြင်း ( စီမံကိန်း ၃နှစ်အတွင်း ၂၈၅,၀၀၀ဧက တည်ထောင်ခြင်း)

| ဆောင်ရွက်မည့် လုပ်ငန်းများ (Activities) | ဦးစားပေး အစီအစဉ် (Priority need) | လက်ရှိအခြေ အနေ (Current situation) | လိုအပ်ချက် Gaps/ issues) | ဆောင်ရွက်နိုင် မည့်အခြေ အနေ (Anticipatory Adaptation) | ဆောင်ရွက်ရ မည့်အဖွဲ့အစည်း (Responsible organization) | ဆောင်ရွက်ရ မည့် အချိန် (Target Year) |
|---|---|---|---|---|---|---|
| CF တည်ထောင်ခြင်းလုပ်ငန်းစဉ် များအတွက်အထောက်အပံ့ပေးရန် | ၁ | အားနည်း | သင်တန်းများ (CF implementation)၊ ရန်ပုံငွေ | ရှိ | သစ်တော | စဉ်ဆက် မပြတ် |
| CFအဖွဲ့တွင်း စည်းမျဉ်းစည်းကမ်း ရေးဆွဲရန် | ၄ | အားနည်း | သင်တန်း၊ လမ်းညွှန်ချက် | ရှိ | သစ်တော, CSO | ။ |
| စည်းရုံးလှုံ့ဆော်ခြင်း | ၅ | အားနည်း | ဟောပြောပွဲ | ရှိ | သစ်တော, CSO, NGO,INGO | ။ |
| အသုံးပြုသူအဖွဲ့များအတွက် ချေးငွေ/ ပံ့ပိုးငွေရရှိရန် | ၂ | အားနည်း | မူဝါဒ | မရှိ | CFNWG | ။ |
| ရည်ရွယ်ချက်နှင့်အညီ အုပ်ချုပ် လုပ်ကိုင်မှုစီမံချက် ရေးဆွဲခြင်း | ၃ | အားနည်း | သင်တန်း | ရှိ | သစ်တော, CSO | ။ |
| CF အား ဥပဒေအရ အကာ အကွယ်ပေးနိုင်ရေး | ၆ | အားနည်း | မူဝါဒ | မရှိ (မူဝါဒတွင် ဆွေးနွေးရန်) | CFNWG | ။ |
| လက်မှတ်ရပြီး CF များအား ကြီးကြပ်စစ်ဆေးခြင်းနှင့် အစီရင်ခံတင်ပြခြင်း | ၇ | အားနည်း | | | သစ်တော +FUG | ။ |

မဟာဗျူဟာ(၃) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများမှ ထုတ်ကုန်များကို အခြေခံသည့် အသေးစားစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုး တိုးတက်လာစေရန် ဆောင်ရွက်ခြင်း ( စီမံကိန်း ၃နှစ်အတွင်း အရေအတွက် (၅၀) တည်ထောင်ရန်)

| ဆောင်ရွက်မည့် လုပ်ငန်းများ (Activities) | ဦးစားပေး အစီအစဉ် (Priority need) | လက်ရှိအခြေအနေ (Current situation) | လိုအပ်ချက် Gaps/ issues) | ဆောင်ရွက်နိုင်မည့်အခြေအနေ (Anticipatory Adaptation) | ဆောင်ရွက်ရမည့် အဖွဲ့အစည်း (Responsible organization) | ဆောင်ရွက်ရမည့် အချိန် (Target Year) |
|---|---|---|---|---|---|---|
| (က) သစ်တောဥပဒေစိုးမိုးမှုရှိစေရန် ဆောင်ရွက်ခြင်း | ၃ | အချို့နေရာများတွင် သစ်တောဥပဒေ စိုးမိုးရန် အခက်အခဲရှိ | တိုးချဲ့ပညာပေးရန် | ဆောင်ရွက်နိုင်ခြေရှိ | CF Unit (သစ်တောဦးစီးဌာန) | စဉ်ဆက်မပြတ် |
| ဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်း | ၂ | CF အသုံးပြုသူအဖွဲ့များ ဆိုင်ရာကွန်ယက်အဖွဲ့ အချို့ဖွဲ့စည်းနိုင်ပြီး (ရှမ်း၊ တနင်္သာရီ၊ ရော၀တီ) | တစ်နိုင်ငံလုံး CF အသုံးပြုသူများ ကွန်ယက် | FAO cropland project နှင့် ပူးပေါင်းဆောင်ရွက်ရန် | သစ်တော, NGO, INGO, CSO, အသုံးပြုသူအဖွဲ့များ | ။ |
| CFမှ ထွက်ရှိသည့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူရောင်းချခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခြင်း | ၁ | လက်ရှိတွင် ဌာနမှ ထုတ်ပြန်ကျင့်သုံးနေသော လုပ်ထုံးလုပ်နည်းများရှိ၊ CF အတွက် ပြန်လည် ပြင်ဆင်လျက် ရှိ | လုပ်ထုံးလုပ်နည်း ထုတ်ပြန်ရန် | FFI မှ CFTLOP ပြင်ဆင်လျက်ရှိ | CFNWG, CF Unit | ၁နှစ် |
| သဘာ၀ကိုအခြေခံသည့် စီးပွားရေးလုပ်ငန်း(CBT/ Eco-Tour)ဆောင်ရွက်နိုင်ရေးပံ့ပိုးကူညီခြင်း | ၄ | ရှမ်းပြည်နယ်တွင် အကောင်အထည်ဖော်လျက်ရှိ | Ecolodge ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ရန်လို | အလားအလာကောင်းသော CF များအား ရှာဖွေဖော်ထုတ် ရန်ရှိ | CFNWG, CF Unit, INGO, CSO, အသုံးပြုသူအဖွဲ့များ | စဉ်ဆက်မပြတ် |

| ဆောင်ရွက်မည့် လုပ်ငန်းများ (Activities) | ဦးစားပေး အစီအစဉ် (Priority need) | လက်ရှိအခြေအနေ (Current situation) | လိုအပ်ချက် Gaps/ issues) | ဆောင်ရွက်နိုင်မည့်အခြေအနေ (Anticipatory Adaptation) | ဆောင်ရွက်ရမည့် အဖွဲ့အစည်း (Responsible organization) | ဆောင်ရွက်ရမည့် အချိန် (Target Year) |
|---|---|---|---|---|---|---|
| (ခ) စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများဖွင့်လှစ်ခြင်း | ၂ | CFNWG, CF Unit, NGO, INGO များ ဆောင်ရွက်လျက်ရှိ | ရန်ပုံငွေ | သစ်တောမှ ဦးဆောင်၍ လက်ရှိဆောင်ရွက်နေသည့် Projects များနှင့် ချိတ်ဆက် ဆောင်ရွက်လျက်ရှိ | CFNWG, CF Unit, INGO, CSO စသည့် | နှစ်စဉ် |
| ပြင်ပရင်းနှီးမြှုပ်နှံမှုရရှိရန် ချိတ်ဆက်ပေးခြင်း | ၃ | မရှိသေးပါ | လုပ်ထုံးလုပ်နည်း၊ မူဝါဒ၊ ရန်ပုံငွေ | World Bank, | သစ်တော, World Bank | ၃နှစ် နှင့် အထက် |
| လှည့်ပတ်ရန်ပုံငွေထူထောင်နိုင်ရေးပံ့ပိုးကူညီခြင်း | ၅ | RECOFTC,TNRP, OIKOS စီမံကိန်းဧရိယာရှိ ကျေးရွာများတွင် အကောင်အထည်ဖော်လျက်ရှိ | ရန်ပုံငွေ | စီမံကိန်းများ ရေးဆွဲရာတွင် ထည့်သွင်း ရေးဆွဲခြင်း၊ အဖွဲ့ဝင်များမှ ရန်ပုံ ငွေ ထည့်ဝင်ခြင်း | သစ်တော, INGO, CSO, အသုံးပြုသူအဖွဲ့များ | ၃နှစ် နှင့် အထက် |
| Private Public Partnership ဆောင်ရွက် နိုင်ရေး ပံပိုးကူညီခြင်း | ၄ | မရှိသေးပါ | ပိုမိုပူးပေါင်းဆောင်ရွက်ရန် လိုအပ်ရန် | ပိုမိုပူးပေါင်းဆောင်ရွက်ရန် | သစ်တော, INGO, CSO, အသုံးပြုသူအဖွဲ့များ၊ ပုဂ္ဂလိ | ၃နှစ် နှင့် အထက် |

| ဆောင်ရွက်မည့် လုပ်ငန်းများ (Activities) | ဦးစားပေး အစီအစဉ် (Priority need) | လက်ရှိအခြေအနေ (Current situation) | လိုအပ်ချက် Gaps/ issues) | ဆောင်ရွက်နိုင် မည့်အခြေအနေ (Anticipatory Adaptation) | ဆောင်ရွက်ရမည့် အဖွဲ့အစည်း (Responsible organization) | ဆောင်ရွက် ရမည့် အချိန် (Target Year) |
|---|---|---|---|---|---|---|
| CF ထုတ်ကုန်များအတွက် လိုင်စင်ကိစ္စရပ်များ ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရေး ဆက်စပ်ဌာနများကြား ပူးပေါင်းဆောင်ရွက်ခြင်း | ၁ | ဌာနအလိုက်လုပ်ထုံးလုပ်နည်းများရှိ၊ ပူးပေါင်းဆောင်ရွက်မှုအားနည်းနေ | ဆက်စပ်ဌာနများနှင့် သက်ဆိုင်ရာ တိုင်း/ပြည်နယ်အစိုးရများ သိရှိစေရေး ဆောင်ရွက်ရန် | CFNWG မှ မူဝါဒပိုင်းဆိုင်ရာ ပြင်ဆင်လျက်ရှိ | CFNWG, CFD/SWG, CFDWG, CF Unit, | ၁နှစ် |
| CFE အလားအလာရှိသော CF /CFUGများ ဖော်ထုတ်ခြင်း | ၁ | အခြေခံအချက်အလက်ရှိ CF UG စာရင်းရှိ | အလားအလာရှိသော ထုတ်ကုန်၊ အမျိုးအစား၊ ပမာဏ လိုအပ် | CF Unit၊ စီမံကိန်းဆောင်ရွက်နေသော အဖွဲ့အစည်းများ | သစ်တော၊ CFNWG | ၂ နှစ် |
| ကွန်ရက်/အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ချိတ်ဆက်နိုင်ရေး အလုပ်ရုံဆွေးနွေး ပွဲကျင်းပခြင်း | ၂ | အနည်းငယ်ရှိ | ပံ့ပိုးကူညီမှု၊ နှစ်အလိုက် ပုံမှန်ဆောင်ရွက်မှု မရှိ | Project များ ရေးဆွဲရာတွင် ထည့်သွင်းရေးဆွဲလျက်ရှိ | သစ်တော, INGOs၊ NGOs၊CSOs | နှစ်စဉ် |
| သက်ဆိုင်ရာဒေသ၏နိုင်ငံရေးအခြေအနေများကို ထည့်သွင်းစဉ်းစား၍မူဝါဒများဖော်ထုတ်ချမှတ် ခြင်း | | Ethnic armed group ရှိသော နေရာများတွင် မဆောင်ရွက်နိုင်ပါ | တည်ငြိမ်ရေးသစ်တော ဥပဒေ စိုးမိုးရေး၊ | ပြည်တွင်းငြိမ်းချမ်းရေး ရှိနိုင်မည့် အပေါ်မူတည် | နိုင်ငံတော်အဆင့် | |

**မဟာဗျူဟာ(၄) အမျိုးသားအဆင့်ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအဖွဲ့နှင့်သစ်တောဦးစီးဌာန၏ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော လုပ်ငန်းအဖွဲ့များ ခိုင်မာအားကောင်းလာစေရန်ဆောင်ရွက်ခြင်း**

| ဆောင်ရွက်မည့် လုပ်ငန်းများ (Activities) | ဦးစားပေး အစီအစဉ် (Priority need) | လက်ရှိအခြေအနေ (Current situation) | လိုအပ်ချက် Gaps/ issues) | ဆောင်ရွက်နိုင်မည့်အခြေအနေ (Anticipatory Adaptation) | ဆောင်ရွက်ရမည့် အဖွဲ့အစည်း (Responsible organization) | ဆောင်ရွက်ရမည့် အချိန် (Target Year) |
|---|---|---|---|---|---|---|
| ဒေသအဆင့် CFRWG များ နှင့် ခရိုင်အဆင့်CFDWG များဖွဲ့စည်းခြင်း။ | ၁ | မရှိ | ဖွဲ့စည်းပုံ | ရှိ | သစ်တော+CSO/NGOs | ၁နှစ် |
| အစည်းအဝေး(CFNWG၊ CFRWG ၊ CFDWG၊ CF Unit) | ၁ | CFNWG, CF Unit | ထိရောက်တဲ့ ဆန်းစစ်မှု | ရှိ | သစ်တော+CSO/NGOs | နှစ်စဉ် |
| စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း | ၃ | အားနည်း | သင်တန်း(တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊မြို့နယ်) CF Unit) | ရှိ | သစ်တော+CSO/NGOs | ။ |
| မြို့နယ်အဆင့်ထိ CF Network ဖွဲ့စည်းရန်နှင့် စွမ်းဆောင်ရည်မြှင့်တင်ရန် | ၂ | မရှိ | Social media/ ဆွေးနွေးပွဲ | ရှိ | သစ်တော+CSO/NGOs | ။ |

**မဟာဗျူဟာ(၅) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း**

| ဆောင်ရွက်မည့် လုပ်ငန်းများ (Activities) | ဦးစားပေး အစီအစဉ် (Priority need) | လက်ရှိအခြေအနေ (Current situation) | လိုအပ်ချက် Gaps/ issues) | ဆောင်ရွက်နိုင်မည့်အခြေအနေ (Anticipatory Adaptation) | ဆောင်ရွက်ရမည့် အဖွဲ့အစည်း (Responsible organization) | ဆောင်ရွက်ရမည့် အချိန် (Target Year) |
|---|---|---|---|---|---|---|
| ကြိုးဝိုင်းကျူးကျော် များတွင် CF များ အား policy review လုပ်ရန် | ၁ | မဖြစ်မနေ CF စိုက်ပျိုး လုပ်ကိုင်စေခြင်း | Adaptive Management ဖြစ်ရန်လို | အခြားသော တက္ကသိုလ် (Academic များနှင့်ပါ သုတေသနကို တွဲဘက် ဆောင်ရွက်ရန် | သစ်တော, NGO, INGO, CSO, | ၂ နှစ် |
| မြေအသုံးချမှုဦးစားပေးလုပ်ငန်း ဆိုင်ရာ မူဝါဒများကို သုတေသနပြုလုပ်ရန် | ၆ | မရှိသေး | ကြိုးပြင်တွင် CF တည်ထောင်ရန် ခက်ခဲ | | သစ်တော, INGO, NGO, သုတေသန ဆိုင်ရာ အဖွဲ့အစည်းများ | ။ |
| ဒေသအလိုက် အောင်မြင်ဖြစ်ထွန်းနိုင်မည့်သစ်မျိုးများ နှင့် Cash crops များကို သုတေသနပြုလုပ်ရန် | ၅ | မရှိသေး | | CFR/SWG မှ CFNWG သို့ တင်ပြရန် | သစ်တော, INGO, NGO, သုတေသန ဆိုင်ရာ အဖွဲ့အစည်းများ | ၃ နှစ် |

| ဆောင်ရွက်မည့် လုပ်ငန်းများ (Activities) | ဦးစားပေး အစီအစဉ် (Priority need) | လက်ရှိအခြေအနေ (Current situation) | လိုအပ်ချက် Gaps/ issues) | ဆောင်ရွက်နိုင် မည့်အခြေအနေ (Anticipatory Adaptation) | ဆောင်ရွက်ရမည့် အဖွဲ့အစည်း (Responsible organization) | ဆောင်ရွက် ရမည့် အချိန် (Target Year) |
|---|---|---|---|---|---|---|
| CF မှ ထင်းအပါအဝင် အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်ခြင်း ရှိ/မရှိ သုတေသနပြု လုပ်ရန် | ၄ | အခြေခံများ FRI နှင့် သစ်တောတွင် ရှိနေ၊ CSOs များတွင် သုတေသနများရှိနေ | နိုင်ငံအဆင့် CF Asse- ssment မလုပ်နိုင် သေး | CSOအသီးသီးမှ ဆောင်ရွက်ထား သည့် သုတေသန များကို CFR/SWG သို့ပေးပို့ရန် | CFR/SWG + CSOs | ၃ နှစ် အတွင်း |
| တိုင်းရင်းသားများ၏ မူဝါဒများကို သုတေသနပြုလုပ်ရန် | ၇ | မရှိသေး | CF ကို တိုင်း ရင်းသားများ သိရှိ နား လည်မှု အားနည်း | ၃ နှစ်အတွင်း ဆောင်ရွက်ရန် အခက်အခဲရှိ နိုင်ပါသည်။ | သစ်တော, INGO, NGO, သုတေသန ဆိုင်ရာ အဖွဲ့ အစည်းများ | ၂၀၂၀ အလွန် |
| ပဋိပက္ခနှင့် စိတ်ပါဝင်စားမှုဆိုင်ရာ သုတေ သန ပြုလုပ်ရန် | ၃ | မရှိသေး | ကျွမ်းကျင် ပညာရှင်၊ ရန်ပုံငွေ | စီမံကိန်းအခြေပြု သုတေသနများမှ ဆောင်ရွက်နိုင်ရန် အလားအလာ ရှိပါသည်။ | သစ်တော, INGO, NGO, သုတေသန ဆိုင်ရာ အဖွဲ့ အစည်းများ | ၃နှစ် အတွင်း |

| ဆောင်ရွက်မည့် လုပ်ငန်းများ (Activities) | ဦးစားပေး အစီအစဉ် (Priority need) | လက်ရှိအခြေအနေ (Current situation) | လိုအပ်ချက် Gaps/ issues) | ဆောင်ရွက်နိုင် မည့်အခြေအနေ (Anticipatory Adaptation) | ဆောင်ရွက်ရမည့် အဖွဲ့အစည်း (Responsible organization) | ဆောင်ရွက် ရမည့် အချိန် (Target Year) |
|---|---|---|---|---|---|---|
| သဘာဝတောထိန်း CF များမှရရှိ လာသော ဂေဟစနစ်၊ လူမှုရေးနှင့် စီးပွား ရေးဆိုင်ရာ တန်ဖိုးများကို စနစ်တကျ သုတေသန ပြုလုပ်ရန် | ၂ | မရှိသေး | ကျွမ်းကျင် ပညာရှင်၊ ရန်ပုံငွေ | စီမံကိန်းအခြေပြု သုတေသနများမှ ဆောင်ရွက်နိုင်ရန် အလားအလာ ရှိပါသည်။ | သစ်တော၊ INGO, NGO, သုတေသန ဆိုင်ရာ အဖွဲ့ အစည်းများ | ၅နှစ် အတွင်း |
| ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော အခြေပြု ခရီးသွား လုပ်ငန်း မဆောင်ရွက်မီနှင့် ဆောင်ရွက်ပြီး အခြေအနေ လေ့လာဆန်းစစ်မှု | ၈ | မရှိသေး | | စီမံကိန်းအခြေပြု သုတေသနများမှ ဆောင်ရွက်နိုင်ရန် အလားအလာ ရှိပါသည်။ | သစ်တော၊ World bank, INGO, NGO, သုတေသန ဆိုင်ရာ အဖွဲ့ အစည်းများ | ၃ နှစ် အတွင်း |

မဟာဗျူဟာ(၆) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် မူဝါဒနှင့် ပတ်ဝန်းကျင် အခြေအနေ ကောင်းများ ဖန်တီးပေးခြင်း

| ဆောင်ရွက်မည့် လုပ်ငန်းများ (Activities) | ဦးစားပေး အစီအစဉ် (Priority need) | လက်ရှိအခြေအနေ (Current situation) | လိုအပ်ချက် Gaps/ issues) | ဆောင်ရွက်နိုင် မည့်အခြေအနေ (Anticipatory Adaptation) | ဆောင်ရွက်ရမည့် အဖွဲ့အစည်း (Responsible organization) | ဆောင်ရွက် ရမည့် အချိန် (Target Year) |
|---|---|---|---|---|---|---|
| CF ကို ပြန်လည်သုံးသပ်၍ အခြေအနေ အကြောင်းအရာနှင့် မူဝါဒပိုင်းဆိုင်ရာ သုတေသနများကို အခြေခံ၍ လိုအပ်သလို ပြန်လည်သုံးသပ်ခြင်း | ၄ | မရှိသေး | ရန်ပုံငွေ | စီမံကိန်းအခြေပြု သုတေသနများမှ ဆောင်ရွက်နိုင်ရန် အလားအလာ ရှိပါသည်။ | သစ်တော၊ CFNWG | လိုအပ်သလို |
| လိုအပ်သည့်လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းခြင်း( ရိုက်မှတ်ရမည့် တံဆိပ်တုံး၊ အခွန်နှုန်း၊ လမ်းညွှန်ချက်၊ Ecotourism development) | ၁ | ဆောင်ရွက်လျက်ရှိ | နည်းဥပဒေ ပြင်ဆင်မှု | ဆောင်ရွက်နိုင် ပါသည်။ | သစ်တော | ၂နှစ်အတွင်း |
| ၅နှစ်ကျော်ကျေးရွာလွှဲပြီးထင်းစိုက်ခင်း (ပျက်စီး) များကို CF အဖြစ်တည် ထောင်နိုင်ရန် လိုအပ်သည့် လုပ်ထုံး လုပ်နည်း ပြဋ္ဌာန်းပေးရန် | ၃ | မရှိသေး | နည်းဥပဒေ ပြင်ဆင်မှု တွင် ထည့် သွင်းရန်လို | ဆောင်ရွက်နိုင် ပါသည်။ | သစ်တော | ၁နှစ်အတွင်း |

| ဆောင်ရွက်မည့် လုပ်ငန်းများ (Activities) | ဦးစားပေး အစီအစဉ် (Priority need) | လက်ရှိအခြေအနေ (Current situation) | လိုအပ်ချက် Gaps/ issues) | ဆောင်ရွက်နိုင်မည့်အခြေအနေ (Anticipatory Adaptation) | ဆောင်ရွက်ရမည့် အဖွဲ့အစည်း (Responsible organization) | ဆောင်ရွက်ရမည့် အချိန် (Target Year) |
|---|---|---|---|---|---|---|
| သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း ဆိုင်ရာ မူဝါဒများ၊ လမ်းညွှန်ချက်များ ဖော်ထုတ်ရန် | ၂ | ဆောင်ရွက်လျက် ရှိ | ကျွမ်းကျင် ပညာရှင်၊ ရန်ပုံငွေ | ဆောင်ရွက်နိုင် ပါသည် | World Agroforestry သစ်တောဦးစီး ရုံးချုပ်၊ CFNWG | ၃ နှစ် အတွင်း |
| အသိအမြင်တိုးပွားရေးနှင့် ပြန်ကြား ဆက်သွယ်ရေးမူဝါဒများအားကောင်း လာစေရန် မြှင့်တင်ဆောင်ရွက်ခြင်း | ၁ | ဆောင်ရွက်လျက် ရှိပါ သည် | နည်းပညာ၊ ရန်ပုံငွေ | ဆောင်ရွက်နိုင် ပါသည် | သစ်တော, CF Unit, INGO,NGO, CSO, ဆက် စပ် ဌာနများ | ။ |
| CF နှင့်ပတ်သက်သော International mechanism များနှင့် ချိတ်ဆက်နိုင် မည့် မူဝါဒ၊ အစီအစဉ်များကို ချမှတ်ရန် (REDD+, FLEGT,PES) | ၅ | မဆောင်ရွက်နိုင် သေးပါ။ | ကျွမ်းကျင် ပညာရှင်၊ ရန်ပုံငွေ | ဆောင်ရွက်နိုင်ပါ သည်။ | UNDP, FAO, MFCC, CFNWG၊ ဆက်စပ်အဖွဲ့ အစည်းများ၊ UNREDD | (၃)နှစ် အတွင်း၊ ၂နှစ်အလွန် |

This document is prepared with the technical support of the Food and Agriculture Organization of the United Nations